Message Three

# ရှမွေလ၏သမိုင်းကြောင်း၌ တွေ့ရသည့် ဝိညာဉ်ရေးရာအလေ့အလာများ၊ အသက်သင်ခန်းစာများနှင့် သန့်ရှင်းသောသတိပေးချက်များ

ဖတ်ရန်ကျမ်း။ ။ ၁ရှမွေ၊၁း၁၀–၁၁။ ၁၈–၂၀၊ ၂၇–၂၈။ ၂း၃၀၊ ၃၅–၃၆။ ၃း၁–၂၁။ ၄း၁၁–၂၂။ ၇း၃–၁၇။ ၁၂း၂၃

**I. ရှမွေလသည် လေဝိအမျိုးဖြစ်သော်လည်း (၁ရာ၊၆း၃၃–၃၈) ဘုရားသခင်အားဖြင့် စီမံခြင်းခံရသည့် ယဇ်ပုရောဟိတ်မိသားစုဖြစ်သည့် အာရုန်၏အိမ်သားမဟုတ်ပါ။ ရှမွေလသည် မွေးဖွားခြင်းအားဖြင့်မဟုတ်ဘဲ နာဇရိလူ သစ္စာကတိပြုခြင်းဖြင့် ယဇ်ပုရောဟိတ်တစ်ယောက်အဖြစ် သခင်ဘုရားကို အမှုဆောင်ခဲ့သည်။**

က။ ဘုရားသခင်သည် ဟန္န၏ဆုတောင်းခြင်းကို အဖြေပေးခြင်းဖြင့် လှုပ်ရှားလုပ်ဆောင်ခြင်းသည် ဘုရားသခင်၏ အလိုဆန္ဒကို ပြည့်စုံစေခြင်းအတွက် လုံးလုံးအကြွင်းမဲ့ဖြစ်သည့် အောင်မြင်သောနာဇရိလူများကို ထုတ်လုပ်ရန်ဖြစ်သည်။ သူမမွေးဖွားမီကတည်းကပင် ရှမွေလသည် ထိုကဲ့သို့သောလူဖြစ်ရန် သူ၏မိခင်အားဖြင့် ဆက်ကပ်အပ်နှံခြင်း ခံခဲ့ရသည်– ၁ရှမွေ၊၁း၁၀–၁၁၊ ၁၈–၂၀။

ခ။ ဘုရားသခင်သည် ကိုယ်တော်၏လူများအားလုံးကို နာဇရိလူများဖြစ်စေရန် အလိုဆန္ဒရှိသည်။ နာဇရိလူဖြစ်ရန်မှာ ဘုရားသခင်ထံ သန့်ရှင်းစင်ကြယ်ခံရခြင်း၊ ခွဲခြားခံရခြင်း၊ လုံးလုံးဖြစ်ခြင်းနှင့် အဆုံးစွန်ဖြစ်ခြင်း ရှိရမည်။ ၎င်းမှာ ဘုရားသခင်နှင့် ကိုယ်တော်၏ကျေနပ်နှစ်သိမ့်ခြင်းထက် အခြားမည်သည့်အရာအတွက်မျှ မဖြစ်ရန်ဖြစ်သည်။ ယေရှု၏သက်သေခံခြင်းသည် ခရစ်တော်၏သက်သေခံချက်နှင့် ထင်ရှားခြင်းအဖြစ် အသင်းတော်ကို သက်သေခံနေခြင်းဖြစ်သည် – စာရင်း၊၆း၁–၂။ ဆာ၊ ၇၃း၂၅–၂၆။ ဗျာ၊၁း၂၊ ၉–၁၃။ ၁၉း၁၀။ ညွန်း၊ ထွ၊၃၈း၂၁။

၁။ နာဇရိလူများအဖို့ စပျစ်ရည်နှင့် ၎င်း၏အရင်းအမြစ်မှ ဖြစ်သမျှကို ရှောင်ရှားခြင်းမှာ မြေကြီးပိုင်းဆိုင်ရာ မွေ့လျော်ပျော်ပါးမှု အမျိုးအစားအားလုံးနှင့် ကျေနပ်ခြင်းကို ရှောင်ရှားကာ မိမိ၏မွေ့လျော်ဝမ်းမြောက်ရာနှင့် ကျေနပ်ခြင်းအဖြစ် ခရစ်တော်ကို ယူဆောင်၍ ခရစ်တော်ကို တွေ့ကြုံခံစားရမည်ဖြစ်ကြောင်း ပုံဆောင်ခြင်းဖြစ်သည်။ အသက်ပင်ကို စားသုံးခြင်းသည် ခရစ်တော်ကို ကျွန်ုပ်တို့၏ အသက်မစရာအဖြစ် မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်၊ ၎င်းသည် အသင်းတော်အသက်တာ၌ ထိပ်ဆုံးအကြောင်းအရာဖြစ်ရမည် ဖြစ်သည် – စာရင်း၊၆း၃–၄။ ဗျာ၊ ၂း၇။ သူကြီး၊ ၉း၁၂–၁၃။

၂။ နာဇရိလူများအဖို့ ဦးဆံကို မရိတ်ရခြင်းမှာ သခင်ဘုရား၏ဦးခေါင်းအရာနှင့်တကွ ဘုရားသခင်ခန့်အပ်ထားသည့် ကိုယ်စားပြုအခွင့်အာဏာများအားလုံးကို ငြင်းပယ်ခြင်းမပြုဘဲ၊ လုံးလုံးဝန်ခံရမည့်အကြောင်းကို ပုံဆောင်သည် – စာရင်း၊ ၆း၅။ ရော၊ ၁၃း၁–၂က။ ဧ၊ ၅း၂၁၊ ၂၃။ ဟေဗြဲ၊ ၁၃း၁၇။ ၁ပေ၊ ၅း၅။

၃။ နာဇရိ လူတစ်ဦးသည် သူနှင့်အနီးကပ်ဆုံးသော ဆွေမျိုးရင်းချာများ၊ သွေးသားရင်းချာများ၏သေခြင်းအားဖြင့် ညစ်ညူးခြင်းမရှိသင့်ဘဲ၊ ဘုရားသခင်အဖို့ သန့်ရှင်းခြင်းရှိရန် သူ၏ခွဲခြားခံရခြင်း၌ တည်မြဲနေခြင်းမှာ နာဇရိလူသည် ဇာတိဆိုင်ရာချစ်ခင်တွယ်တာခြင်းကို အောင်မြင်သောသူဖြစ်ကြောင်း ပုံဆောင်ခြင်းဖြစ်သည်–စာရင်း၊ ၆း၇။

၄။ နာဇရိလူသည် သေသောသူ၏ အနီးသို့ ချဉ်းကပ်ခြင်း သို့မဟုတ် သူ့အနားတွင် ရုတ်တရက် သေဆုံးခြင်းကြောင့် ညစ်ညူးခြင်းသို့ မရောက်စေရခြင်းမှာ နာဇရိလူသည် သေခြင်းမှ ခွဲခြားထားခံရကြောင်း ဆိုလိုခြင်းဖြစ်သည် – အငယ်၊၆–၉။ ဗျာ၊ ၃း၄။ ဝတ်၊၁၁း၃၁။ ၅း၂။ ညွန်း၊ ၁ယော၊၅း၁၆။

**II. ရှမွေလ၏လက်ထက်တွင် အာရုန်အိမ်ထောင်စု၏ ယဇ်ပုရောဟိတ်အရိုက်အရာသည် လုံးလုံးကျဆင်းသွားခဲ့သည်။ မည်သို့ပင်ဆိုစေ ဘုရားသခင်သည် အခြေအနေကို ကြိုမြင်ခဲ့သည်။ အာရုန်အမျိုးကို ယဇ်ပုရောဟိတ်များဖြစ်စေရန် ခန့်အပ်ခြင်းအပြင် ခန့်အပ်ခြင်းခံရသော ယဇ်ပုရောဟိတ်များ မလုံလောက်ပါက စာရင်းတော်ဝင် ၆ တွင် နာဇရိအဓိဋ္ဌာန်ပြုခြင်းကို ဖြည့်စွက်ချက်အဖြစ် ကိုယ်တော်ပြင်ဆင်ခဲ့သည်။**

က။ အာရုန်၏ အိမ်တော်ကျဆင်းသောအခါ ဤဖြည့်စွက်ချက်ကို လက်တွေ့ အသုံးပြုခဲ့သည်။ ရှမွေလသည် ဆက်ကပ်အပ်နှံခြင်း၊ ခွဲခြားခံရခြင်းနှင့် သခင်ဘုရားထံ ငှားခြင်းခံရခြင်းအားဖြင့် ယဇ်ပုရောဟိတ်ဖြစ်လာခဲ့သည် – ၁ရှမွေ၊၁း၁၁၊ ၂၇–၂၈။

ခ။ ဧလိအချိန်ကာလတွင် ဘုရားသခင်သည် ယဇ်ပုရောဟိတ်အရိုက်အရာနှင့်စပ်လျဉ်း၍ ဆင်းရဲအားနည်းလာခဲ့သည်၊ ထို့ကြောင့် ဟန္နသည် ရှမွေလကို သခင်ဘုရားထံ ငှားခဲ့သည်။ အခြေအနေသည် ပုံမှန်မဟုတ်သောအခါ သခင်ဘုရားသည် ကိုယ်တော်၏စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ဆင်းရဲအားနည်းလာကာ တစ်စုံတစ်ယောက်သည် သခင်ဘုရားထံ မိမိအလိုအလျောက် ငှားခြင်းကို လိုအပ်လာသည်။

ဂ။ ရှမွေလကို ဧလိထံ ပေးအပ်ပြီးနောက် ဟန္နသည် ကိုယ်တော်၏ အံ့ဩဖွယ်ကောင်းသော လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်တော်၏ ကယ်တင်ခြင်းကို ပြီးမြောက်စေခြင်းအတွက် ဘုရားသခင်ကို ချီးမွမ်းခဲ့သည်။ သူမ၏ဆုတောင်းချက်သည် ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင်၏ လျှပ်ရှားလုပ်ဆောင်ခြင်းနှင့် ဆက်နွယ်၍ သူမသည် ဘုရားသခင်၏ စီမံကိန်းနှင့် စပ်လျဉ်းသည့် တစ်စုံတစ်ရာကို နားလည်သဘောပေါက်ခြင်းရှိကြောင်း ရည်ညွှန်းသည် – ၂း၁–၁ဝ။

## III. ရှမွေလသည် ဧလိ၏အုပ်ထိန်းမှုအောက်တွင် ကြီးပြင်းလာခဲ့သည်။ ငယ်ရွယ်စဉ်တွင် ရှမွေလသည် ဧလိရှေ့တွင် ယေဟောဝါကို အမှုဆောင်ခဲ့သည် (အငယ်၊ ၁၁ခ၊ ၁ဂ–၁၉)၊ ဘုရားသခင်ထံ အမှုဆောင်ရန် နည်းလမ်းကို ဧလိအား ဖြင့် သွန်သင်ခြင်း ခံရသည်။

က။ ဘုရားသခင်သည် ရှမွေလကို သုံးကြိမ်ခေါ်ခဲ့သည်၊ "ယေဟောဝါသည် ထိုသူငယ်ကို ခေါ်တော်မူကြောင်းကို ဧလိသည် ရိပ်မိလျှင်၊ သင်သွား၍ အိပ်ဦးတော့။ နောက်တစ်ဖန်ခေါ်လျှင်၊ အို ယေဟောဝါ အမိန့်ရှိတော်မူပါ။ ကိုယ်တော်ကျွန်ကြားပါသည်ဟု လျှောက်ရမည်အကြောင်း ရှမွေလကို မှာထားသည်အတိုင်း၊ ...ယေဟောဝါသည်လည်း ရှေ့နည်းတူ လာရပ်လျက်၊ ရှမွေလ၊ ရှမွေလဟု ခေါ်တော်မူလျှင်၊ ရှမွေလက အမိန့်ရှိတော်မူပါ။ ကိုယ်တော်ကျွန် ကြားပါသည်ဟု လျှောက်လေသော်" –၃း၁–၁ဝ။

၁။ ဤသည်မှာ ဧလိထံမှ ရှမွေလ သင်ယူခဲ့သည့် လုံးလုံး အပြုသဘောဆောင်သောအရာ တစ်စုံတစ်ခုဖြစ်သည်။ သခင်ဘုရား၏ ကျွန်များအနေဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ မိတ်သဟာယဖွဲ့ခြင်း၊ ကိုယ်တော်ထံ အစဉ်အမြဲနားထောင်ခြင်းကို စောင့်ထိန်းရန် လိုအပ်သည် – လု၊၁း၃၄–၃ဂ။ ၁ဝး၃ဂ–၄၂။

၂။ ကျွန်ုပ်တို့၏ အသက်တာသည် သခင်ဘုရား၏ နှုတ်ကပတ်စကားအပေါ်တွင် မူတည်၍၊ ကျွန်ုပ်တို့၏ အလုပ်သည် ကိုယ်တော်၏ မိန့်မှာချက်များအပေါ်တွင် မူတည်နေသည် (ဗျာ၊ ၂း၇။ ၁ရှမွေ၊၃း၉–၁ဝ။ ညွှန်း၊ ဟေရှာ၊၅ဝး၄–၅။ ထွ၊ ၂၁း၆)။ ယုံကြည်သူများ၏ အသက်တာသည် သခင်ဘုရား၏စကားပြောခြင်းအပေါ်တွင် လုံးလုံး တည်နေသည် (ဧ၊၅း ၂၆–၂၇)။

၃။ သခင်ဘုရား၏စကားပြောခြင်းသည် ကိုယ်တော်၏ အဖော်အဖက်အဖြစ် သတို့သမီးကို ရရှိရန် ကိုယ်တော်၏ ထာဝရစီမံကိန်းပန်းတိုင်ကို ပြည့်စုံစေရန် ကျွန်ုပ်တို့အား တတ်စွမ်းစေမည်ဖြစ်သည် – ဗျာ၊ ၂း၇။ ဧ၊၅း ၂၆–၂၇။ သီ၊ဂး၁၃–၁၄။

ခ။ ရှမွေလသည် သင်ယူလျက်နေစဉ်တွင် ယိုယွင်းကျဆင်းသော အာရုန်ဆိုင်ရာ ယဇ်ပုရောဟိတ်အရိုက်အရာ၏ ယိုယွင်းပျက်စီးမှုကို သတိပြုမိခဲ့သည်။

၁။ ဘုရားသခင်၏ ပဋိညာဉ်သေတ္တာတော်သည် လူတို့တွင် အသက်ကြီးသူများအားဖြင့် ယူသွားခြင်းခံရ၍၊ ဖိလိတ္တိလူများအားဖြင့် ဖမ်းဆီးသိမ်းသွားခံရကာ၊ ဘုရားသခင်၏ ဘုန်းတော်သည် အစ္စရေးမှ ထွက်သွားသည်ကို သူမြင်ခဲ့သည်။ သူသည် ဧလိ၏အိမ်သားများအပေါ် ဘုရားသခင်၏ပြင်းထန်သော စီရင်ချက်ကို သိနားလည်ခဲ့သည်၊ ယင်း၌ ဧလိနှင့် သူ၏ဆိုးညစ်သော သားနှစ်ယောက်ဖြစ်သည့် ဟောဖနိနှင့် ဖိနဟတ်၏သေဆုံးခြင်း ပါဝင်သည် – ၁ရှမွေ၊ ၂း၁၂–၃၆။ ၄း၁၁–၂၂။

၂။ ဧလိ၏အိမ်တော်အပေါ် ဘုရားသခင်၏ပြင်းထန်သောတရားစီရင်ခြင်းကို ဘုရားသခင်၏လူတစ်ဦးအားဖြင့် ပရောဖက်ပြုခဲ့သည် (၂း၂၇–၃၆)။ ထို့နောက် ဤတရားစီရင်ခြင်းကို ရှမွေလမှတစ်ဆင့် ယေဟောဝါမိန့်တော်မူသော နှုတ်ကပတ်တော်အားဖြင့် အတည်ပြုခဲ့သည် (၃း၁၁–၁ဂ)။

၃။ ရောက်လာမည့်တရားစီရင်ခြင်းအကြောင်းကို ရှမွေလမှတစ်ဆင့် ဧလိအား ပြောခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ ဤငယ်ရွယ်သော ယဇ်ပုရောဟိတ်ဆိုင်ရာ သူငယ်အပေါ် မမေ့နိုင်သော ခံစားမှုကို ဖြစ်စေရန် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ ဉာဏ်ပညာတော်ဖြစ်သည် – အငယ်၊၁၇–၁ဂ။

၄။ ဤအရာသည် ရှမွေလအား သူ၏ အနာဂတ် နာဇရိ ယဇ်ပုရောဟိတ်အရိုက်အရာ၌ အားနည်းစေခဲ့ခြင်း မရှိပါ။ ယင်းအစား၊ ၎င်းသည် သူ၏ယဇ်ပုရောဟိတ်ဆိုင်ရာအစေခံခြင်း တစ်လျှောက်လုံးတွင် သူ့အား စဉ်ဆက်မပြတ် သတိပေးခြင်း တစ်ခုဖြစ်လာပြီး သူ၏ အသက်တာတစ်ခုလုံးအတွက် ဘုရားသခင်ထံ သူ၏ အစေခံခြင်း၌ စင်ကြယ်စွာ တည်ရှိနေရန် ကူညီပေးခဲ့သည်။

## IV. ရှမွေလသည် ဘုရင်အရိုက်အရာနှင့်အတူ နိုင်ငံတော်၏ခေတ်ကာလအထဲသို့ ခေတ်ကို ပြောင်းလဲစေသောသူဖြစ်သည်။ ဤအရာသည် အစ္စရေးသမိုင်း၌သာမက လူတို့၏သမိုင်းတွင်ပင်လျှင် ကြီးမားသောအရာ ဖြစ်ခဲ့သည်။

က။ ရှမွေလသည် အာရုန်၏ အိမ်သားများကို ဆန့်ကျင်ပုန်ကန်ခြင်း မရှိပါ၊ အာရုန်၏ အိမ်သားများ၏ မည်သည့်အရာကိုမျှ လုယူခြင်း မရှိခဲ့ပါ။ ရှမွေလသည် ကြီးပြင်းလာသည်နှင့်အမျှ ဘုရားသခင်သည် သူ့အား စုံလင်စေရန်နှင့် နိုင်ငံတော်နှင့်အတူ ရှင်ဘုရင်၏ ခေတ်ကာလအထဲသို့ ခေတ်ကို ပြောင်းလဲရန် ဘုရားသခင်အတွက် လိုအပ်သည့်အရာအားလုံးကို လုပ်ဆောင်ရန် စွမ်းရည်ကို တည်ဆောက်ပေးမည့် ပတ်ဝန်းကျင်ကို ပြင်ဆင်ပေးခဲ့သည်။

ခ။ ယဇ်ပုရောဟိတ်အဖြစ် ရှမွေလသည် ဆုတ်ယုတ်မှေးမှိန်နေသော အာရုန်၏ ယဇ်ပုရောဟိတ်အရိုက်အရာကို တစ်နည်းအားဖြင့် အစားထိုး၍၊ အဆုံးသတ်ခဲ့သည်။ ဘုရားသခင်သည် ခေတ်ကို ပြောင်းလဲစေရန် ရှမွေလကို အသုံးပြုခြင်းမှာ ပုန်ကန်ခြင်းသို့မဟုတ် တော်လှန်ခြင်းအားဖြင့်မဟုတ်ဘဲ၊ ဘုရင်အရိုက်အရာ၌ သယ်ဆောင်ရန် ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ နည်းလမ်းမှတစ်ဆင့် ဖြစ်သည်။

ဂ။ ရှမွေလသည် ဖွင့်ပြခြင်းခံရသောသူ ဖြစ်၍၊ သူမြင်ခဲ့သည့်အရာအတိုင်း အရာခပ်သိမ်းကို ပြုခဲ့သည်၊ "ယေဟောဝါသည် မိမိကိုယ်တော်တိုင်ကို ယေဟောဝါ၏ နှုတ်ကပတ်တော်အားဖြင့် ရှမွေလအား ဖွင့်ပြတော်မူ၏" (၃း ၂၁)။ ထို့အပြင် ရှမွေလသည် ဘုရားသခင့်စိတ်နှလုံးတော်အတိုင်းဖြစ်သောသူ၊ ဘုရားသခင့်စိတ်နှလုံးတော်၏ မိတ္တူ၊ ပုံတူပွားခြင်း ဖြစ်သောလူတစ်ဦးဖြစ်သည်။ ထိုကဲ့သို့သောလူအနေဖြင့် သူသည် မည်သည့်အခါမျှ ပုန်ကန်ခြင်းအရာများကို လုပ်ဆောင်ခြင်းမရှိပါ။

**V. ရှမွေလ၏လုပ်ဆောင်ခြင်း၊ အသက်ရှင်ခြင်းနှင့် အလုပ်မျှသာမက သူ၏ဖြစ်ခြင်းနှင့် ပုဂ္ဂိုလ်တစ်ခုလုံးသည် ဘုရားသခင်အတိုင်း ဖြစ်ခဲ့သည်။ ရှမွေလ၏ဖြစ်ခြင်းနှင့် ဘုရားသခင်၏စိတ်နှလုံးတော်သည် တစ်လုံးတစ်ဝဖြစ်သည်။ ဤအတွက်ကြောင့် ဘုရားသခင်အတိုင်းဖြစ်သောလူ ရှမွေလသည် မြေကြီးပေါ်၌ လှုပ်ရှားလုပ်ဆောင်နေသော ဘုရားသခင်ဖြစ်သည်ဟု ကျွန်ုပ်တို့ ပြောနိုင်သည်။**

က။ ဘုရားသခင်၏ အသိဉာဏ်သည် ရှမွေလ၏ စဉ်းစားခြင်းဖြစ်သည်။ သူ၌ အခြားသော စဉ်းစားခြင်း၊ ဆင်ခြင်ခြင်း သို့မဟုတ် တွေးခေါ်ခြင်း မရှိပါ။ သူ၏ အသက်ရှင်ခြင်းနှင့် အလုပ်သည် ဘုရားသခင်၏ စိတ်နှလုံးတော်၌ ရှိသည့်အရာတိုင်းကို သယ်ဆောင်ရန်အတွက် ဖြစ်သည်။

ခ။ ရှမွေလသည် ရှောလုနှင့် ဒါဝိဒ်တို့ကို ဘုရင်များဖြစ်ရန် ဘိသိက်ပေးခဲ့သည် (၁၀း၁။ ၁၆း၁၊ ၁၃)။ ဤသည်မှာ ဘုရားသခင်၏ စီမံထားခြင်းအတိုင်းဖြစ်ပြီး၊ ရှမွေလသည် ကိုယ်တော်၏ ဘိသိက်ခံရှေ့တွင် စဉ်ဆက်မပြတ် သွားလာ၍ (၂း၃၅)၊ ရှင်ဘုရင်ကို ကြီးကြပ်ကွပ်ကဲရန်၊ ရှင်ဘုရင်လုပ်နေသည့်အရာကို စောင့်ကြည့်နေရန် ဖြစ်သည်။

ဂ။ ဤအရာက မြေကြီးပေါ် လှုပ်ရှားလုပ်ဆောင်သည့် ဘုရားသခင်အဖြစ် ရှမွေလသည် ရှင်ဘုရင်ထက် သာ၍ ကြီးမြတ်ကြောင်းကို ရည်ညွှန်းသည်။ ရှမွေလသည် ထိုမျှလောက်အတိုင်းအတာအထိ အရည်အချင်းရှိရခြင်းမှာ ဘုရားသခင်သည် သူ့ကို ကိုယ်တော်၏ စီမံကိန်းအတွက် နှစ်ပေါင်းများစွာ တုန့်ဆိုင်းရာမှ စုံလင်စေခဲ့သောကြောင့် ဖြစ်သည်။

၁။ ရှမွေလသည် ကိုယ်ကျိုးကို ရှာခြင်း၊ ကိုယ်ကျိုးကို ရယူလိုသောစဉ်းစားခြင်း မရှိဘဲ၊ ဘုရားသခင်နှင့် ဘုရားသခင်၏ စိတ်နှလုံးတော်အလိုဆန္ဒအတိုင်းဖြစ်သော လူတစ်ဦးဖြစ်သောကြောင့် ကိုယ်တော်၏ စီမံကိန်းကို သယ်ဆောင်ရန် ဘုရားသခင်အားဖြင့် အသုံးပြုခံရနိုင်ခြင်း ဖြစ်သည် – ညွှန်း၊ မ၊၁၆း ၂၄–၂၆။ လု၊၉း ၂၃–၂၅။

၂။ သူ၌ ဘုရားသခင်၏ စိတ်နှလုံးတော်နှင့် ဘုရားသခင်၏ ရွေးချယ်ခံများမှတစ်ပါး အဘယ်အရာအတွက်မျှ စိတ်နှလုံးမရှိပါ။ သူ၏ စိတ်နှလုံးသည် ဘုရားသခင့်စိတ်နှလုံးတော်၏ ရောင်ပြန်ဟပ်ခြင်းဖြစ်သည် – ညွှန်း၊ ဖိ၊ ၂း၁၉–၂၂။ ၂ကော၊၃း၁၆–၁၈။

၃။ ရှမွေလက ကိုယ်တော်၏ ကိုယ်ပိုင် ဖိုးထိုက်ဘဏ္ဍာနှင့် ပိုင်ဆိုင်ရာဖြစ်သည့် ဘုရားသခင်၏ လူများအဖို့ ဆုမတောင်းခြင်းသည် ယေဟောဝါကို ဆန့်ကျင်အပြစ်ပြုခြင်းအဖြစ် မှတ်ယူသည် – ၁ရှမွေ၊၁၂း ၂၃။ ထွ၊၁၉း၅။

ဃ။ ရှမွေလအဖို့ သူ၏ သီးခြားဖြစ်သောပတ်ဝန်းကျင်တွင် ဘုရားသခင်အဖို့ ရပ်တည်ရန် မလွယ်ကူသော်လည်း သူသည် ဘုရားသခင်၏ စိတ်ဝင်စားခြင်းနှင့် ခေတ်ကို ပြောင်းလဲရန်အတွက် ဂရုစိုက်ခဲ့သည်။ ဓမ္မဟောင်းကျမ်းအရ ရှမွေလသည် ဘုရားသခင်အတွက်သော်လည်းကောင်း၊ ဘုရားသခင်၏ စိတ်ဝင်စားခြင်းအတွက်လည်းကောင်း ဖြစ်ခြင်းတွင် မောရှေနှင့်အတူ တန်းတူအဆင့်သတ်မှတ်ထားသည် – ယေ၊၁၅း၁။

င။ "ရှမွေလသည်လည်း မင်းကျင့်တရားကို လူများတို့အား ဟောပြော၍ စာ၌ ရေးမှတ်သဖြင့်၊ ယေဟောဝါရှေ့တော်၌ ထားပြီးမှ" – ၁ရှမွေ၊၁၀း ၂၅က။

၁။ မောရှေသည် အစ္စရေးအမျိုးသားတို့အား ပညတ်တရားကို ပေးခဲ့သည်၊ သို့သော်လည်း ရှမွေလ မရောက်လာမီ သူတို့၌ စည်းမျဉ်းများ၊ စီရင်ထုံးဖွဲ့ချက်များ မရှိသေးပါ။

၂။ ရှမွေလသည် လူများကို မြေကြီးပေါ် ဘုရားသခင်၏ နိုင်ငံတော်ကို မည်ကဲ့သို့ လေ့ကျင့်ရမည်ဟူသည့် စည်းမျဉ်းများ၊ စီရင်ထုံးဖွဲ့ချက်များ၊ အလေ့အထ၊ ထုံးတမ်းဓလေ့၊ အပြုအမူ၊ ဝိနည်းအထုံး အဖွဲ့များနှင့် နည်းဥပဒေသတို့ကို သွန်သင်ခဲ့သည်။

**VI. ဘုရားသခင်သည် ကျဆင်းဆုတ်ယုတ်နေသော ယဇ်ပုရောဟိတ်အရိုက်အရာကို အစားထိုးရန် သစ္စာရှိသော ယဇ်ပုရောဟိတ်အဖြစ် ငယ်ရွယ်သော နာဇရိလူ ရှမွေလကို ထွက်ပေါ်စေခြင်း၌ အသစ်သောခေတ်ကို စတင်ခဲ့သည် –၂း၃၅။**

က။ ရှမွေလသည် ယဇ်ပုရောဟိတ်အရိုက်အရာဟောင်းအားဖြင့်ဖြစ်သော ဘုရားသခင်၏ နှုတ်ကပတ်စကား သွန်သင်ခြင်းကို အစားထိုးရန် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဟောပြောစေဖို့ ဘုရားသခင်အားဖြင့် တည်စေခဲ့သည်။ ယဇ်ပုရောဟိတ်

အရိုက်အရာ၌ ယဇ်ပုရောဟိတ်က ပထမဆုံး လုပ်ဆောင်ရမည့်အရာမှာ ဘုရားသခင်အဖို့ စကားပြောရန်ဖြစ်သည်။

ခ။ ယဇ်ပုရောဟိတ်မင်းများ ဝတ်ဆင်သည့် ဥရိမ်နှင့် သုမိန်ပါသော ရင်ဖုံးသည် ကိုယ်တော်၏လူတို့အား စကားပြောရန် ဘုရားသခင် အသုံးပြုသည့် နည်းလမ်းဖြစ်သည် (ထွ၊၂၈း၃၀)။ ယဇ်ပုရောဟိတ်အရိုက်အရာ၏ ကျဆင်းဆုတ်ယုတ်ခြင်း၌ ဘုရားသခင်၏ စကားပြောခြင်းသည် ပျောက်ကွယ်လုနီးပါးဖြစ်ခဲ့သည် (၁ရှမွေ၊၃း၁၊ ၃က)။

ဂ။ ဘုရားသခင်သည် မြှင့်တင်ခံရသော ပရောဖက်အရိုက်အရာ၌ ပရောဖက်တစ်ဦးအဖြစ် ရှမွေလကို ထွက်ပေါ် စေခြင်းအားဖြင့် ကိုယ်တော်၏ရွေးချယ်ခံများထံ နှုတ်ကပတ်စကားကို အမှုဆောင်ခဲ့သည် (အငယ်၊ ၂၀–၂၁)။ ရှမွေလအား တရားသူကြီးတစ်ဦးအဖြစ် ထွက်ပေါ် စေခြင်းအားဖြင့် ကိုယ်တော်သည် ကိုယ်တော်၏ရွေးချယ်ခံများအပေါ် အခွင့်အာဏာကို လေ့ကျင့်ခဲ့သည် (၇း၁၅–၁၇)။

ဃ။ ရှမွေလသည် နောက်ဆုံးသော တရားသူကြီးအဖြစ် တရားသူကြီးအရိုက်အရာကို အဆုံးသတ်ခဲ့၍၊ အသစ်သော ယဇ်ပုရောဟိတ်အဖြစ် မြှင့်တင်ခြင်းခံရသည့် ပရောဖက်အရိုက်အရာအားဖြင့် ခွန်အားဖြည့်ပေးထားသည့် ရှင်ဘုရင်အရိုက်အရာ၌ ယူဆောင်လာခဲ့သည်။

င။ ဘုရားသခင်သည် ကိုယ်တော်အဖို့ စကားပြောရန် အသက်ရှင်သောပုဂ္ဂိုလ်၊ ပရောဖက်ကို ထွက်ပေါ် စေရန် လိုအပ်သည်။ ဘုရားသခင်၏ခန့်အပ်ခြင်း၌ ရှမွေလသည် ပထမဆုံးသော ပရောက်ဖက်အဖြစ် မှတ်ယူနိုင်သည်၊ အကြောင်းမှာ သူသည် ဘုရားသခင်၏ စကားပြောခြင်းအတွက် ပရောဖက်အရိုက်အရာကို ယူဆောင်လာသောကြောင့်ဖြစ်သည်– တ၊၃း၂၄။ ၁၃း၂၀။ ဟေဗြဲ၊ ၁၁း၃၂။

## VII. ရှမွေလသည် မြေကြီးပေါ်တွင် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ခဲ့သည်။ မြေကြီးပေါ်တွင် လှုပ်ရှားပြုမူသော ဘုရားအနေဖြင့် မြေကြီးပေါ်ရှိ ကိုယ်တော်၏လူများကို အုပ်စိုးရန် ကောင်းကင်၌ရှိသော ဘုရားသခင်ကို ကိုယ်စားပြုသောသူ ရှမွေလသည် အဆင့်ငါးဆင့်၌ အမှုဆောင်ခဲ့သည်– ၁ရှမွေ၊ ၇း၃။

က။ ရှမွေလသည် ကိုယ်တော်၏စီမံကိန်းကို ဘုရားသခင်ပြီးမြောက်ပြည့်စုံစေခြင်းအတွက် အကြွင်းမဲ့ဖြစ်ရန် ဘုရားသခင်ထံ ဆက်ကပ်အပ်နှံခဲ့သည့် နာဇရိလူအဖြစ် အမှုဆောင်ခဲ့သည်– ၁း၁၁၊ ၂၈က။

ခ။ ရှမွေလသည် မှေးမှိန်၍ကျဆင်းသော ယဇ်ပုရောဟိတ်အရိုက်အရာတွင်အစားထိုးရန် ဘုရားသခင်ကို ရိုသေလေးမြတ်သော၊ ဘုရားသခင်ကို ကျေနပ်စေသည့် ယဇ်ပုရောဟိတ်အဖြစ် အမှုဆောင်၍၊ သူသည် ဘုရားသခင်ကိုယ်စားလုပ်ဆောင်ရန် မြေကြီးပေါ်တွင် ဘုရားဆိုင်ရာအုပ်စိုးခြင်းအတွက် ဘုရင်များကို ခန့်အပ်ရန်နှင့် ထွက်ပေါ် စေရန် သစ္စာရှိစွာ ပြုမူခဲ့သည် –၂း၃၀၊ ၃၅–၃၆။ ၇း၃–၁၇။ သူကြီး၊ ၉း၉၊ ၁၃။

ဂ။ ရှမွေလသည် ယေဟောဝါ၏နှုတ်ကပတ်တော် ရှားပါး၍ ရူပါရုံပွင့်လှန်းခြင်းမရှိသောအချိန်တွင် ယဇ်ပုရောဟိတ်အရိုက်အရာဟောင်း၏ သွန်သင်ခြင်းကို အစားထိုး၍၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောပြောရန် ဘုရားသခင်အားဖြင့် ထွက်ပေါ် စေခဲ့သည့် ပရောဖက်တစ်ဦးအဖြစ် (၁ရှမွေ၊ ၃း၂၀) အမှုဆောင်ခဲ့သည် (အငယ်၊ ၁–၁၀၊ ၁၉–၂၁)။

ဃ။ ရှမွေလသည် ဟောင်း၍ မှေးမှိန်နေသော ယဇ်ပုရောဟိတ်အရိုက်အရာအားဖြင့် လူများ၏တရားစီရင်ခြင်းကို အစားထိုးရန် ဘုရင်အရိုက်အရာ၏ စစ်မှန်ခြင်း၌ တရားသူကြီးအဖြစ် အမှုဆောင်ခဲ့သည် – ၇း၁၅–၁၇။

င။ ရှမွေလသည် ဆုတောင်းသောလူအဖြစ် အမှုဆောင်ခဲ့ပြီး၊ ဘုရားသခင်၏ ရွေးချယ်ခံများအတွက် ဆုတောင်းခဲ့သည်၊ သို့မှသာ သူတို့သည် ဘုရားသခင်၏လမ်းတော်၌ စောင့်ထိန်းခြင်းခံရ၍၊ ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ကာ၊ တစ်ပါးအမျိုးသားတို့၏ရုပ်တုများ ကျော့ကွင်းမှ လွတ်မြောက်ပြီး၊ ဧဗနေဇာအဖြစ် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်လိမ့်မည်ဖြစ်သည် (*ဧဗနေဇာဆိုသည်မှာ မစသောကျောက်* ဟု အဓိပ္ပာယ်ရသည်)။ သို့မှသာ သူတို့နှင့်ပတ်သက်၍ ကိုယ်တော်၏ အလိုတော်၌ ဘုရားသခင်၏ အလိုဆန္ဒသည် ပြည့်စုံလိမ့်မည်ဖြစ်သည် (အငယ်၊၃–၁၇။ ဂး၆။ ၁၂း ၁၉–၂၅။ ၁၅း၁၁ခ)။

*© 2021 Living Stream Ministry*